နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

**၂၀၂၀ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

(၁) ၁၉၁၁ တွင် ဝိုင်အမ်ဘီအေအသင်းများ၏ ပထမအကြိမ် ပြည်လုံးကျွတ်အစည်းအဝေးကြီးကို --------- မြို့၌ ကျင်းပနိုင်ခဲ့သည်။

(၂) ၁၉၄၅ မတ် ၁၇ တွင် ရန်ကုန်မြို့ရှိယခုတော်လှန်ရေးပန်းခြံနေရာ၌ --------- ဦးစီး၍ ရန်သူကိုတိုက်ထုတ်ရန် ဗမာ့တပ်မတော်က တပ်ထွက်ပွဲကျင်းပသည်။

(၃) မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ဖခင်မှာ --------- ဖြစ်သည်။

(၄) ၁၉၅၂ နှင့် ၁၉၅၆ တွင် ကျင်းပသော --------- ရွေးကောက်ပွဲများတွင် ဖဆပလအဖွဲ့ သည်အမတ်ဦးရေအများဆုံးရရှိသဖြင့် ဖဆပလ အစိုးရဖွဲ့ခဲ့သည်။

(၅) ဝန်ကြီးချုပ်သခင်နုက ပေးထားသောကတိအတိုင်း ကရင်အမျိုးသားဖြစ်သော --------- ကို စစ်ဦးစီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။

(၆) ပါရီညီလာခံကအတည်ပြုလိုက်သည့် ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ၁၉၁၉ ဇွန် ၂၈တွင် ပြင်သစ်နိုင်ငံဗာဆိုင်းနန်းတော်၌ --------- နိုင်ငံနှင့် မဟာမိတ်နိုင်ငံများ လက်မှတ် ရေးထိုးကြသည်။

(၇) ၁၉၂၈တွင် အိန္ဒိယနိုင်ငံရေးအခြေအနေကို လေ့လာစုံစမ်းရန်အတွက် ရောက်ရှိလာသော --------- ကို အိန္ဒိယပြည်သူများက ဆန့်ကျင်ကန့်ကွက်ကြသည်။

(၈) ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ မှ --------- အထိ ခြောက်နှစ်ကြာဖြစ်ပွားခဲ့သည်။

(၉) ဆိုဗီယက်နိုင်ငံသည် ယင်း၏ဩဇာခံအရှေ့ဥရောပနိုင်ငံများအား --------- စီမံကိန်းကို လက်မခံစေရန်စည်းရုံးခဲ့သည်။

(၁၀) ၁၉၄၆ ပဲရစ်ညီလာခံတွင် အနောက်အုပ်စုက တင်ပြသည့် ဂျာမနီနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရေး၊ ဇုန် ၄ ဇုန်ပြန်ပေါင်းရေးအဆိုများကို --------- က ကန့်ကွက်ခဲ့သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၁၀ မှတ်)**

(၁) ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံသင့် လက်မခံသင့်နှင့် ပတ်သက်၍ -------- များ သဘောထားကွဲလာသောအခါအမျိုးသားကောလိပ်ကြီးတည်တံ့ရေးမှာခက်ခဲလာတော့သည်။

(က) ဝံသာနု (ခ) နိုင်ငံရေးပါတီ (ဂ) ကျောင်းသား

(၂) သခင်အောင်ဆန်းသည် ရုပ်ဖျက်ကာ နော်ဝေးပိုင် ဟိုင်လီသင်္ဘောဖြင့် ၁၉၄၀ ဩဂုတ်တွင် -------- သို့ ထွက်လာခဲ့သည်။

(က) နန်ကျင်း (ခ) ပေကျင်း (ဂ) အမွိုင်

(၃) ၉၁ ဌာန အုပ်ချုပ်ရေးသည် -------- မြန်မာနိုင်ငံအက်ဥပဒေအရ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံသို့ပေးသော အုပ်ချုပ်ရေးဖြစ်သည်။

(က) ၁၉၂၁ (ခ) ၁၉၃၅ (ဂ) ၁၉၃၆

(၄) ဖဆပလ အစိုးရလက်ထက်တွင် ရှေးဦးစွာပုန်ကန်သောင်းကျန်းသူများမှာ -------- များဖြစ်ကြ၏။

(က) ပြည်သူ့ရဲဘော် (ခ) ကွန်မြူနစ် (ဂ) ကေအင်ဒီအို

(၅) အိမ်စောင့်အစိုးရလက်ထက်တွင် စီးပွားရေး၏ အခြေခံဖြစ်သော -------- ကို အလေးပေး၍ ဆောင်ရွက်သည်။

(က) စက်မှုလုပ်ငန်း (ခ) လယ်ယာစိုက်ပျိုးရေး (ဂ) သစ်ထုတ်လုပ်ရေး

(၆) ဂျာမနီက အဲလဆက်နှင့် လော်ရိန်းနယ် (၂) နယ်ကို -------- သို့ပြန်လည်ပေးအပ်ရသည်။

(က) ပြင်သစ် (ခ) ဘယ်လ်ဂျီယံ (ဂ) ဒိန်းမတ်

(၇) ၁၉၁၈ နိုဝင်ဘာ ၉တွင် ဂျာမန်ဘုရင် ကိုင်ဇာဝီလီယန် ၂ ထီးနန်းစွန့်လွှတ်သွားသဖြင့် ဘုရင်စနစ်အစား -------- စနစ်ကို ပြောင်းလဲထူထောင်ကြသည်။

(က) ဆိုရှယ်လစ် (ခ) နာဇီအာဏာရှင် (ဂ) သမ္မတ

(၈) ဗာဆိုင်းစာချုပ်အရ -------- အပေါ် စစ်လက်နက်ပစ္စည်းထုတ်လုပ်မှု၊ ပိုင်ဆိုင်နိုင်သော စစ်လက်နက်ပစ္စည်းအမျိုးအစား၊ကြည်းတပ်၊ရေတပ်အင်အားတို့ကို ကန့်သတ်ထားခဲ့သည်။

(က) ဂျာမနီ (ခ) အီတလီ (ဂ) ဂျပန်

(၉) ကျူးဘားနိုင်ငံသည် မက္ကဆီကိုပင်လယ်ကွေ့တွင်တည်ရှိပြီး အမေရိကန်နိုင်ငံ၏ ဖလော်ရီဒါ ကမ်းခြေနှင့် မိုင် -------- ခန့်သာ ကွာဝေးသော ကျွန်းနိုင်ငံဖြစ်သည်။

(က) ၈၀ (ခ) ၇၀ (ဂ) ၉၀

(၁၀) ဖိလစ်ပိုင်နိုင်ငံသည်အာရှတိုက်တွင် -------- ဘာသာဝင်အများဆုံးနေထိုင်ရာနိုင်ငံဖြစ်သည်။

(က) ခရစ်ယာန် (ခ) ဗုဒ္ဓ (ဂ) အစ္စလာမ်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကိုမှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) နအက်တလီစာချုပ် (၅) မှတ်

(ခ) ကိုလိုနီခေတ်မြန်မာ့ပန်းချီ (၅) မှတ်

(ဂ) ဘန်ဒေါင်းညီလာခံ၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူငါးချက် (၅) မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်သာသနာရေး (၅) မှတ်

(င) လက်နက်အပြိုင်တပ်ဆင်ခြင်း (၅) မှတ်

(စ) ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများ (၅) မှတ်

(ဆ) ဥရောပကျောက်မီးသွေးနှင့်သံမဏိအဖွဲ့ (၅) မှတ်

(ဇ) အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ဗမာ့ထွက်ရပ်ဂိုဏ်းပေါ်ပေါက်လာပုံနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို လေ့လာဆန်းစစ်ပါ။ (၁၅) မှတ်

(၂) အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုခြင်းနှင့်စာချုပ်တွင်ပါဝင်သော အချက်များကို ဝေဖန်သုံးသပ်ပါ။ (၁၅) မှတ်

(၃) ဂျပန်ခေတ် မြန်မာစာပေနှင့် အနုပညာအဆင့်အတန်းကိုအကဲဖြတ်ပါ။ (၁၅) မှတ်

(၄) ဖဆပလအစိုးရလက်ထက် တရုတ်ဖြူကိုမင်တန်ကျူးကျော်မှုအကြောင်း ဆွေးနွေးဝေဖန်ပါ။ (၁၅) မှတ်

[ **တစ်ဖက်သို့**

# အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ရုရှားနိုင်ငံတွင် ၁၉၁၇ အောက်တိုဘာတော်လှန်ရေးပေါ်ပေါက်လာပုံကို ဖြေဆိုပါ။ (၁၅) မှတ်

(၂) တရုတ်ပြည်သူတစ်ရပ်လုံး နိုင်ငံရေးနိုးကြားလာပြီး လူတန်းစားအားလုံးပထမဆုံးအကြိမ် စည်းလုံးညီညွတ်စွာလှုပ်ရှားခဲ့သည့် မေ ၄ အရေးတော်ပုံအကြောင်းကို ဆွေးနွေးပါ။ (၁၅)မှတ်

(၃) ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားစေခဲ့သည့် မန်ချူးရီးယားနှင့် အီသီယိုးပီးယားကျူးကျော်မှုကို ဆန်းစစ်ပါ။ (၁၅)မှတ်

(၄) စစ်အေးကာလအတွင်း နိုင်ငံတကာအရေးအခင်းတစ်ခုဖြစ်သည့် ကျူးဘားဒုံးပျံ အရေးအခင်းကို ဖြေဆိုပါ။ (၁၅)မှတ်